# ငြိမ်းချမ်းရေးဖြစ်စဉ် ရက်စွဲစဉ်မှတ်တမ်း

အတွဲ (၂)၊ အမှတ် (၃)၊ ဖေဖော်ဝါရီ၊ ၂၀၁၇

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေးလေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသောရက်အလိုက် ငြိမ်းချမ်းရေး သတင်းစုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေးရက်စွဲစဉ်မှတ်တမ်းများနှင့် လအလိုက် သုံးသပ်ချက် အနှစ်ချုပ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန်နှင့် အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

---

## လက်နက်ကိုင်ပဋိပက္ခ

ဇန်နဝါရီလ(၂၈) နေ့တွင် ကချင်ပြည်နယ် တနိုင်းဒေသ ကွတ်ခိုင်မြို့နယ်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ (The Arakan Army ) (NAB)

ဇန်နဂါရီ ၂၈ရက်နေ့ နံနက် ၈ နာရီခန့်တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တပ်ဖွဲ့မှ ကချင်ပြည်နယ်၊ ဆွမ်ဘရာဘွမ်မြို့အနီး မြစ်ကြီးနား-ဆွမ်ဘရာဘွမ်-ပူတာအိုလမ်းပိုင်း မိုင်တိုင် (၁၁၁) နေရာရှိ စီနင်ခချောင်းကူး၊ ဇနန်သံဘောင်ဘောလီတံတားမှ ဆောက်လုပ်ရေးယာဉ်များအား ဖျက်ဆီးခြင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့် ဇနန်တံတားနှင့် ၁ မိုင်ခန့်အကွာရှိ သံဘောင်ဘောလီအမှတ် (၁/၁၁၀) ရှိ ရွှေလီရေအား လျှပ်စစ်စီမံကိန်းမှ ဦးမျိုးသီဟထွန်းအပါအဝင် ၃ ဦးအား ရပ်တန့်စေပြီး လက်ကိုင်ဖုန်း ၁ လုံးအားသိမ်းယူခြင်း၊ ကရိန်းယာဉ်ဘီးအား လက်နက်ငယ်များဖြင့် ပစ်ဖောက်၍ ယာဉ်အားမီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ပြီး ဆွမ်ဘရာဘွမ်ဘက်သို့ ပြန်လည်ထွက်ခွာသွားသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

ဇန်နဝါရီလ ၂၉ရက်နေ့တွင် ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ မဂျီဂုံ (Maji Gung) အနီး၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့တစ်နေ့လုံး တိုက်ပွဲဖြစ်ပွားခဲ့ပြီး နမ်ကွမ်းချောင်းဆုံနှင့် နမ်ကွမ်းရွှေမော်အကြားတွင်လည်း ဇန်နဝါရီလ ၂၇ ရက်နေ့ ညနေပိုင်းမှစတင်ပြီး တိုက်ပွဲများဖြစ်ပွားခဲ့ရာ ယနေ့ ဇန်နဝါရီလ ၂၉ ရက်နေ့အထိ တိုင်အောင် တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ လူမှုကွန်ယက်စာမျက်နှာမှ ဖော်ပြခဲ့သည်။ (TheArakanArmy) (NAB)

ဇန်နဝါရီ (၃၀) နေ့တွင် ကချင်ပြည်နယ် တနိုင်းဒေသပယင်းမော်-ချမ်းသာကုန်း၊ Ja San Hka ဂျာဆန်ခ နှင့် Lapu Hka လပူခ ဂန်းကျင်၌ မြန်မာတပ်မတော်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA) တို့တိုက်ပွဲများဖြစ်ပွားခဲ့သည်။ (NAB) (BBC)

ဇန်နဝါရီလ (၃၁)ရက်နေ့တွင် တနိုင်းဒေသပယင်းမော်-ချမ်းသာကုန်း၊ Ja San Hka ဂျာဆန်ခ နှင့် Lapu Hka လပူခ ဝန်းကျင်၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ နေ့လည် (၂) နာရီမှ (၂) နာရီ (၃၀)မိနစ်ထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။  တိုက်ပွဲတွင် မြန်မာ့တပ်မတော်ဘက်မှ ဂျက်တိုက် လေယာဉ်(၃) စီးဖြင့် နစ်ကြိမ်တိုင်လာရောက်ဗုံးကြဲ တိုက်ခိုက်ခြင်း၊ လေယာဉ်ပေါ်မှ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ ပြုလုပ်ခဲ့သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ လူမှုကွန်ယက်စာမျက်နှာမှ ဖော်ပြခဲ့သည်။ ထို့ပြင် Jam Bu Bum ဂျာဘူဘွမ်တွင်လည်း နံနက်(၇) နာရီ(၂၀) မိနစ်မှစတင်ပြီးမိနစ်(၃၀) ခန့်တွင်  တိုက်ပွဲဖြစ်ပွားခဲ့သည်။ **(NAB) (NAB)** (NMG)

ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီခွဲခန့်တွင် မိုးကောင်းမြို့ရှိ မြန်မာ့တပ်မတော်ဌာနချုပ်အား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)မှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။  (7Day) (Military) (MOI)

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် မြန်မာ့တပ်မတော်တို့ KIA ၏ တပ်ရင်း ၁၄ တည်ရှိရာ နေရာ၊ ဖားကန့်နမ်းရိန်ကျေးရွာ၊ KIA တပ်မဟာ ၄ မုန်းကူး ဒေသ စသည့်သုံးနေရာတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထို့ပြင် မိုးကောင်းမြို့နယ် နန့်ဟိုင်ကျေးရွာ KBC ဆုတောင်းတောင်အနီး မြန်မာ့တပ်မတော် နှင့် KIA တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး KIA မှ မြန်မာ့တပ်မတော်၏ တပ်သားသုံးဦးအား စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခဲ့သည်ဟု KIA မှ သတင်းထုတ်ပြန်ခဲ့သည်။  (NAB) (VOA)

ဖေဖော်ဝါရီလ ၂ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မုန်းကိုးဒေသအတွင်း၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့မိုင်း တိုက်ပွဲဖြစ်ပွားခဲ့သည်။ မိုင်းဆွဲတိုက်ခိုက်ခြင်းကြောင့် တပ်မတော်ဘက်မှ လေးယောက်သေဆုံးပြီး သုံးယောက်ဒဏ်ရာရခဲ့သည်ဟု ဒေသခံများက ပြောခဲ့သည်။ အဆိုပါ မိုင်းဆွဲတိုက်ခိုက်ခြင်းအတွက် တပ်မတော် မှ သံသယရှိသူတစ်ဦးကို ပစ်ခတ်ခဲ့ပြီး၊ ဒေသခံများကမူ အဆိုပါ ပစ်ခတ်ခံရသူမှာ KIA အဖွဲ့ဝင်မဟုတ်ဘဲ ဒေသခံမုန်ပေါ်ဝင်ဆိုင်ရွာသားတစ်ဦးသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။ (VOA)

ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက် ၃ နာရီခွဲတွင် မိုးကောင်းမြို့နယ်၊ လွယ်လိယန်ကျေးရွာ အုပ်စု၊ မရန်ကထောင် ကျေးရွာနားတွင် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး၊ ၄ နာရီ ၅၀ မိနစ်တွင် မြစ်ကြီးနား မြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု၊ နန်ကျင်ကျေးရွာနားတွင်လည်း မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး နှစ်ဖက် သေဆုံးဒဏ်ရာ ရရှိမှုများ ရှိခဲ့သည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။ (RFA) (Mizzima) (Military) (RFA) (MOI) (Irrawaddy) (DVB) (RFA)

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ် ဖာဖိုင်ကျေးရွာနှင့် ငေါ်ငါးကျေးရွာအကြားတွင် နံနက် (၀၇း၁၅) နာရီမှ ၁၀း၃၀ နာရီအချိန်ထိ မြန်မာ့တပ်မတော်နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် တပ်မတော်မှ ရဟတ်ယာဉ်နှစ်စီးဖြင့် လာရောက်တိုက်ခိုက်ခဲ့ပြီး ဒေသခံများ စစ်ဘေးတိမ်းရှောင်ခဲ့ရသည်။ (TNLA) (TNLA) (7Day) (RFA) (Popular) (Managar )

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)၊ တအာန်းလွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်းအဖွဲ့ဖြင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (7Day)

ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် နမ့်ဆန်မြို့နယ် နယ်စပ်ကြား တောဖယ်ကျေးရွာနှင့် ကိုက်တိုင် (ကြက်သေ) ကျေးရွာကြားတွင်နံနက် (၀၆း၅၈)နာရီမှ (၀၈း၂၀) နာရီထိ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (VOA) (RFA) (Mizzima) (Irrawaddy) (TaiFreedom)

ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ် တာခိုင်ချောင်းအနီးတွင် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် မြန်မာ့တပ်မတော်တို့ နံနက်ပိုင်း (၁၁း၂၀)နာရီ မှ (၁၁း၄၀)နာရီထိ တစ်ကြိမ်၊ နမ္မတူမြို့နယ်၊ နားပိန်ကျေးရွာအနီးတွင် မွန်းလွဲပိုင်း (၁၂း၅၅) နာရီမှ (၁၃း၁၄) နာရီထိ တစ်ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ (TNLA) (NAB)

ဖေဖော်ဝါရီ ၇ ရက် မနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် မိုင်းတုံမြို့နယ် မိုင်းတုံ-ပုံပါကျင်သွား ကားလမ်းမ မော်စလီကျေးရွာအနီးတွင် လမ်းလုံခြုံရေး တာဝန်ထမ်းဆောင်နေသည့် မြန်မာ့တပ်မတော်စစ်သားတဦး ပစ်ခံရ၍ သေဆုံးသွားသည်ဟု စစ်ဆေးခဲ့သည့်အရာရှိမှပြောခဲ့သည်။ အနီးနားတဝိုက်မှာ ကျည်ခွံ ရှာမတွေ့သောကြောင့် စနိုက်ပါနှင့် ပစ်သည်ဟုယူဆကြောင်း ၎င်းအရာရှိမှ ပြောခဲ့သည်။ (DVB)

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် နမ့်ဆန်မြို့နယ် နယ်စပ်ကြား တောဖယ်ကျေးရွာနှင့် ကိုက်တိုင် (ကြက်သေ) ကျေးရွာကြား၌ နံနက်ပိုင်း (၁၀း၅၅)နာရီမှ (၁၃း၄၅)နာရီထိ တစ်ကြိမ် ကျောက်မဲမြို့နယ်နှင့် နမ့်ဆန်မြို့နယ်နယ်စပ် တောဖယ်ကျေးရွာနှင့် ကိုက်တိုင်(ကြက်သေ) ကျေးရွာကြားတွင် မွန်းလွဲပိုင်း (၁၂း၀၀)နာရီမှ (၁၃း၃၀)နာရီထိ တစ်ကြိမ် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (Mizzima) (TaiFreedom) (TaiFreedom)

## လူ့အခွင့်အရေးချိုးဖောက်မှု

ဇန်နဝါရီ ၂၉ရက် နံနက် ၄ နာရီခန့်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ဆက်သွယ်ထားသောလမ်းကြောင်းရှိ မန်းပြည်တံခွန်ကုမ္ပဏီမှ လမ်းပြုပြင်ရေးဆောင်ရွက်လျက်ရှိသော လမ်းလုပ်သားများအား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)မှ ဖမ်းဆီးခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (The Ladies) (Military)

ဇန်နဝါရီ ၂၉ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စုအတွင်းရှိ မန်ကျန်းကျေးရွာ၌ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကော်မတီ/ ရှမ်းပြည်တောင်ပိုင်းတပ်မတော်(RCSS/SSA)မှ စစ်ကြောင်းများဝင်ရောက်ပြီး မူးယစ်ဆေးဝါး လိုက်လံစစ်ဆေးမှုပြုလုပ်ကာ မန်ဆာရွာသူကြီးနှင့် ကျေးရွာဒေသခံ တစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု Marnagar သတင်း ဌာနတွင် ဖော်ပြခဲ့သည်။ (MarnagarNews)

ဇန်နဝါရီ ၂၉ ရက်နေ့တွင် ရသေ့တောင်မြို့နယ် တရားရုံး၌ ဒေါက်တာ အေးမောင်နှင့် ကိုဝေဟင်အောင်တို့အား မတရားအသင်း ဆက်သွယ်မှုနှင့် ဆက်စပ်သည့် ပုဒ်မ ၁၇(၁) (၂)၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ) တို့ဖြင့်လည်း ရုံးတင် တရားစွဲဆိုခဲ့သည်။ (Narinjara)

ဇန်နဝါရီ ၃၁ ရက်တွင်ကချင်ပြည်နယ် မံစီမြို့နယ် မိုင်ခေါင်စစ်ရှောင် ဒုက္ခသည်စခန်းမှ အသက် ၆၀ ကျော်အရွယ် ဦးဖော်ဂန့်ရော်နှင့် အသက် ၃၀ အရွယ် ကိုနော်ဆန်းတို့ ၂ ယောက် ကျွဲပျောက်ရှာသွားရင်း မြန်မာ့တပ်မတော်မှ ဖမ်းဆီးသွားကာ အတူပါသူ အမျိုးသမီး၂ဦးကို ပြန်လွှတ်ပေးလိုက်ခဲ့ပြီး ကျန်၂ဦးအားပြန်မလွှတ်သည်မှာ ၅ ရက်ကြာသွားပြီဖြစ်ကာ မိသားစုဝင်တွေ စိုးရိမ်နေကြသည်ဟု BBCသတင်းဌာနမှ ဖော်ပြခဲ့သည်။ (BBC)

ဖေဖော်ဝါရီ၁ရက်နေ့တွင် အင်းစိန်မြို့နယ်၊ မြောက်ပိုင်းခရိုင်တရားရုံးမှ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မနှင့် စွပ်စွဲဖမ်းဆီးခံထားသည့် ရိုက်တာသတင်းထောက်နှစ်ဦးအား ၄နာရီကြာကြားနာစစ်ဆေးမှုများပြုလုပ်ပြီး အာမခံတောင်းဆိုမှုအား ပယ်ချခဲ့သည်။ (Popular) (The Ladies) (Popular) (VOA) (MOI) (BBC) (7Day) (7Day) (VOA)

ဖေဖော်ဝါရီလ ၂ ရက်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ဖြစ်ပွားခဲ့သော အဓိအရုဏ်းကြောင့် သေနတ်ဒဏ်ရာဖြင့် စစ်တွေမြို့ ပြည်သူ့ ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရသည့် ရခိုင်လူငယ် ၈ ဦးအား မိဘများကို အသိပေးခြင်းမရှိဘဲ စစ်တွေ အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။ (Irrawaddy)

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ရန်ကုန်မြို့ မြောက်ပိုင်းခရိုင်တရားရုံး၌ ရိုက်တာသတင်းသမားနှစ်ဦးဖြစ်သူ ကျော်စိုးဦးနှင့် သက်ဦးမောင်တို့အမှုကို ရုံးထုတ်စစ်ဆေးရာတွင် တရားလိုသက်သေဘက်က သက်သေခံစာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးထားသည်ဟု ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ ထို့ပြင် တရားလိုပြသက်သေ ဒုရဲအုပ်တင်ထွေးဦးကို စစ်ဆေးရာတွင် ရဲတပ်ဖွဲ့၏ ထွက်ဆိုချက်များသည် ကနဦးသတင်းထောက်များ ထွက်ဆိုထားသည့်အချက်များနှင့် ကွဲလွဲနေသည်ဟု ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ (7Day) (MarnagarNews) (PopularNews) (TheLadies) (RFA) (RFA) (BBC) (Mizzima) (Irrawaddy) (VOA)

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ငေါ့ငါးကျေးရွာတွင်တိုက်ပွဲများကြောင့် ပစ်ခတ်မှုများရပ်တန့်ရန် ဒေသတွင်း သံဃာတော်များမှ တောင်းဆိုခဲ့သော်လည်း နယ်မြေရှင်းလင်းရန် ဒေသခံရွာသားများကို ရွာအပြင်သို့ တိမ်းရှောင်ခိုင်းကြောင်း မြန်မာ့တပ်မတော်အရာရှိများမှ ပြောသည်ဟု ဒေသခံများမှ မားနဂါးသတင်းဂျာနယ်သို့ ပြောခဲ့သည်။ **"မနေ့(ဖေဖော်ဝါရီ ၆**

**ရက်)က ဆရာတော် တွေ ရွာသွားပြီးမှ တောင်းပန်တယ် ရွာလူထုတွေ ပြန်ရအောင်လို့ ဒါပေမဲ့ သူတို့အရာရှိတွေက နယ်မြေရှင်းလင်း ရေးလုပ်မယ်တဲ့ ရွာမှာရော ရွာပတ်ဝန်းကျင်မှာရော တွေ့တဲ့လူကို ပစ်မယ်တဲ့ တစ်ရက်အချိန်ပေးပြီးတော့ ရွှေ့ခိုင်းတယ်"** ဟု ငေါ့ငါးရွာခံ အမျိုးသမီး တစ်ဦးမှပြောခဲ့သည်။ (MarnagarNews)

ဖေဖော်ဝါရီ၁ရက် နံနက်၈ နာရီခန့်တွင်ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကြောင်း၌ ဘက်ဟိုး ယာဉ်တစ်စီးအား ဆွန်ပီယန်မှ ပူတာအိုသို့ သယ်ဆောင်လာစဉ် ဝဒက်ရွာအနီး မိုင်တိုင် ၁၇၉ သို့အရောက်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

## စစ်ဘေးရှောင်

ဇန်နဝါရီ ၂၈ ရက်နေ့ ညနေတွင် တနိုင်းဒေသတွင်းတိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်လာတဲ့ ရွှေနဲ့ပယင်းရှာသူ စစ်ဘေးရှောင် ဒုက္ခသည် ၃၀၀၀ ကျော်သည် တနိုင်းမရောက်ခင် တပ်မတော်စခန်းထိုင်ရာ စနက်ချောင်းအနားမှာ ပိတ်မိနေပြီး ဖြတ်သန်းသွားလာခွင့်ကို စောင့်ဆိုင်းနေရသည်ဟု ကူညီကယ်ဆယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသူ ဦးစိမ်းယုံမှ ပြောခဲ့သည်။ တနိုင်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းမှလည်း ဇန်နဝါရီ ၂၈ ရက် ည ၇ **နာရီခန့်တွင် "လွန်ခဲ့တဲ့ မိနစ်နစ်ဆယ်လောက်က အဆက်အသွယ်ရတာက အဲဒီမှာ ၃,၄၀၀ ကျော် လမ်းလျှောက်ပြီးထွက်ခဲ့ပြီ။ နေ့ခင်းက တပ်မတော်က ထွက်ခွင့်မပေးသေးဘူး။ ဒါပေမဲ့ လူဦးရေ ၃,၄၀၀ က အလုံဖြူတွေကိုင်လာတယ်။ အင်္ကျီဖြူတွေ ဝတ်လာတယ်။ နီးစပ်ရာအဖြူရောင်တွေ ဝတ်ဆင်ပြီး ထွက်လာတယ်ပေါ့။ ကျွန်တော့်ကို ဆက်သွယ်တဲ့လူကနောက်ချန်ခဲ့တယ်။ လူပေါင်း၅၀နဲ့။ အဲဒီလူတွေကလည်း ရှေ့ကတပ်က ပေးသွားပြီ၊ ဖွင့်ပေးလိုက်ပြီလို့ ပြောတဲ့အတွက် လွန်ခဲ့တဲ့ မိနစ် ၂၀ က သူတို့ပါ လမ်းလျှောက်ထွက်ခဲ့ပြီ"** ဟုပြောခဲ့သည်။ (Popular) (7Day) (RFA)

ဇန်နဝါရီလပိုင်းတွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း၌ မြန်မာ့တပ်မတော် နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဆွမ်ပရမ်ရွာ၊ ကမာဘွတ်ရွာ၊ တလန်ရွာ၊ ထန်ဆွတ်ရွာ၊ လွယ်မရမ်ရွာ နှင့် အခြားကျေးရွာ ၁ ရွာ စုစုပေါင်း ရွာခြောက်ရွာမှ ဒေသခံ ၁၀၀၀ ကျော်တို့သည် တောထဲသို့ သွားရောက် စစ်ဘေးရှောင်၍ သစ်ဥ သစ်ဖုများသာ ရှာဖွေစားသောက်နေရကြောင်း ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ (PCG) မှ ဦးဆန်းအောင်က ပြောခဲ့သည်။ (Irrawaddy)

ဇန်နဝါရီလ ၂၉ ရက်နေ့ တွင် ကချင်ပြည်နယ် တနိုင်းဒေသတွင် မြန်မာတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တို့ တိုက်ပွဲများကြောင့် စစ်ကြောင်းများကြား ပိတ်မိနေသူ ၃၀၀၀ ကျော်ခန့်ရှိပြီး၊ ကလေး၊ မိန်းမနှင့် သက်ကြီးရွယ်အို ၈၀၀ ခန့် တပ်မတော်၏ အကူအညီဖြင့် တိုက်ပွဲကြားမှ ထွတ်လာနိုင်ပြီး၊ ကျန်ရှိသူများကို တပ်မတော်မှ ထွက်ခွာခွင့်မပေးသေးသဖြင့် နန့်ကွမ်း ရွာတွင် ပိတ်မိနေပြီး၊ စားနပ်ရိက္ခာ ပြတ်လပ်၍ အလွန်ဒုက္ခရောက်နေရကြောင်း ပယင်းလုပ်သားဦးစိန်းရုံမှ ဧရာဝတီသတင်းဌာနသို့ ပြောခဲ့သည်။ တနိုင်းတိုက်ပွဲ အတွင်း ပိတ်မိနေသူများအရေးနှင့်ပတ်သက်၍ ကူညီပေးနိုင်ရန် ကချင်ပြည်နယ်အစိုးရ နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း မြစ်ကြီးနားမြို့ အခြေစိုက် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG)မှ ဦးလမိုင ဂွန်ဂျာမှ ပြောခဲ့သည်။ ထို့ပြင် တနိုင်းလွှတ်တော် ကိုယ်စားလှယ်များမှလည်း တိုက်ပွဲအတွင်း ပိတ်မိနေသူ ၃,၀၀၀ ကျော်အား တနိုင်းမြို့ပေါ်သို့ လွယ်ကူချောမွေ့စွာ ရောက်ရှိလာရေး ကူညီဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ မေတ္တာရပ်ခံစာ ပေးပို့ခဲ့ပြီး၊ စာကို ကချင်ပြည်နယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးနောင်နဂျာတန်နှင့် တနိုင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးတို့ လက်မှတ်ရေးထိုး ပေးပို့ခဲ့သည်။ (Irrawaddy) (NMG) (7Day) (7Day) (Popular) (RFA) (BBC) (TheLadies) (RFA) (VOA)

ဖေဖော်ဝါရီ ၁ရက်နေ့တွင် ကချင်ပြည်နယ် တနိုင်းဒေသ၌ ဖြစ်ပွားခဲ့သည့် မြန်မာ့တပ်မတော်နှင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တိုက်ပွဲများကြောင့် ပိတ်မိနေသူများအား ကယ်ထုတ်နိုင်ရေးအတွက် အကူအညီပေးရန် စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ကူညီရေးကော်မတီ (ကချင်ပြည်နယ်)မှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဆီသို့ အကူအညီတောင်းခံစာ ပေးပို့ခဲ့သည်။ တိုက်ပွဲများကြောင့် နမ့်ကွမ်းမော်နှင့် စမတ်စခန်းကြား ပိတ်မိနေသူတွေထဲမှ သွေးဝမ်းသွားသူ ၂ ယောက် အပါအဝင် စုစုပေါင်း ၁၇ ယောက်ခန့် ဝမ်းရောဂါခံစားနေရကြောင်း တနိုင်းမြို့နယ် အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းမှပြောခဲ့သည်။ (RFA) (RFA)

ဖေဖော်ဝါရီ ၁ ရက် နံနက် (၉)နာရီတွင် မြစ်ကြီးနားမြို့ရှိ တိုက်ပွဲရှောင်စခန်းများမှ မိသားစုများအားခေတ္တနေထိုင်ရာစခန်းများမှ ငွေပျော် စံပြ ကျေးရွာသို့ ပြောင်းရွှေ့ နေရာချထားပေးပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း အစိုးရမှ သတင်းထုတ်ပြန်ခဲ့သည်။ (MOI)

ဖေဖော်ဂါရီလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ် ဖာဖိုင်ကျေးရွာနှင့် ငေါ့ငါးကျေးရွာအကြားတွင် နံနက် (၇း၁၅) နာရီမှ ၁၀း၃၀ နာရီအချိန်ထိ မြန်မာ့တပ်မတော်နှင့် တအာန်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ငေါ့ငါးရွာ၊ ဖာဖိုင်ရွာ၊ ဆိုက်ခေါင်ရွာ၊ တာခိုင်ရွာ တို့မှ ရွာသားများ တောတွင်းသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး၊ အခြားအရပ်သားများလည်း ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီကစကာ သိန်းနီ မြို့ပေါ်သို့ တိမ်းရှောင်လာပြီး ကောင်းအိုင် ဘုန်းကြီးကျောင်း၌ နေရာချထားကြောင်း သိန္နီမြို့နယ် ပြည်နယ်အမှတ်(၁)မဲဆန္ဒနယ်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက ပြောခဲ့သည်။ (TNLA) (TNLA) (7Day) (RFA) (Popular) (Managar )

ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) အကြား ၂၀၁၅ အတွင်း လောက်ကိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် လူမနေသည့်နေရာများအား ပိုင်သူမဲ့ဖုန်အဖြစ် သတ်မှတ်ထားမှု၌ ပါဝင်သော ရွာ ၂၀ ကျော်အနက် ၁၀ ရွာတွင် စစ်ဘေး ရှောင်များ ပြန်လည်နေထိုင်ခွင့်ပြုရန် လောက်ကိုင်အမတ် ဦးကျော်နီနိုင်မှ လွှတ်တော်သို့ တင်ပြတောင်းဆိုခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးမှလည်း စစ်ဘေးဒုက္ခ ကြုံတွေ့နေသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အစည်းအဝေးသို့ လာရောက်ဖြေကြားခဲ့သည်။ (7Day) (7Day) (Frontier)

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် မြန်မာ့တပ်မတော် နှင့် တအာန်းလွတ်မြောက်ရေးတပ်မတော်(TNLA) တို့ ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ကွတ်ခိုင်မြို့နယ်က ငေါ်ငါးရွာသား(၆၀၀)ကျော်သည် မိုင်ယုလေးရွာဘက်သို့ စစ်ရှောင်နေကြောင်း စခန်းတာဝန်ခံတဦးဖြစ်တဲ့ မအော့မွန်မှ ပြောခဲ့သည်။**"လူဦးရေက(၆၂၆)။ သူတို့(၆) ရက်နေ့လဲရောက်တယ်။ မနေ့လဲရောက်တယ်။ တချို့လဲ ဒီနေ့လဲရောက်တယ်။ အခုလော လောလောဆယ်ကျတော့ ယဉ်ကျေးမှု(အဖွဲ့)တွေ ဆန်တွေပေါ့ပေးစားတယ်သူတို့ကို။ ဆန်ဘဲပေးတယ်။ တခြားတော့ မပေးနိုင်ဘူး။ လူကများနေတော့ ဒါကြောင့် ဖြစ်သလိုစားတယ်။ တချို့သူ့အမျိုးရှိတယ်။ သူ့အမျိုးနဲ့နေတယ်။ သူများအိမ်တွေစုပြီးမှ သုံး လေးစုပေါင်းပြီးတော့မှ ချက်စားကြတယ်။"** ဟုမအော့မွန်မှပြောခဲ့သည်။ (VOA) (Frontier)

ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)တို့ ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် ကွတ်ခိုင်မြို့နယ်ရှိ ဆိုက်ခေါင်နှင့် တာခိုင်အမည်ရှိသည့် ကျေးရွာနှစ်ရွာမှ လူအားလုံး သိန္နီမြို့နယ်ထဲသို့ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် စစ်ရှောင်လာရသည်ဟု သိန္နီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နန်းခင်တာရီမှ ပြောခဲ့သည်။ **" ကွတ်ခိုင်မြို့နယ်ထဲကရှင့် ဆိုက်ခေါင်နဲ့ တာခိုင်ဆိုတဲ့ရွာကလာတာ အဲ့နှစ်ရွာကလူအားလုံးပဲ အခုအကုန်လာတာရှင့်။ ကျွန်မတို့ လက်လှမ်းမမှီတော့ ဦးရေ အတိအကျတော့ မသိဘူးရှင့်။ ၁၅၈ ယောက်ကတော့ သိန္နီမြို့နယ်ထဲက ကောင်းအိုင်ဘုန်းကြီးကျောင်းမှာ ကျေးရွာမှာရောက်လာတယ်။ ၅ ရက်နေ့ကတည်းက ရောက်လာတာရှင့်။ သူတို့အတူတူမလာတဲ့အဖွဲ့က အဲ့ရွာနားမှာပဲ သိပ်တော့မဝေးဘူး။ အဲ့နေရာမှာကျတော့ အိမ်ထောင်စု ၁၃ စု ရှိတာပေါ့"** ဟု နန်းခင်တာရီမှပြောခဲ့သည်။ (Mizzima)

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားနေသည့်ကြားမှ နေရပ်ပြန်သောစစ်ရှောင်များအတွက် စားနပ်ရိက္ခာ အရေးပေါ်လိုအပ်နေကြောင်း ဒေသတွင်းလူမှုရေးအဖွဲ့များမှ ပြောခဲ့သည်။ (7Day)

မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်အကြား ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီဇိုရမ်ပြည်နယ်ကို ထွက်ပြေးလာကြပြီး ပြန့်နှံ့နေထိုင် ကြသော မြန်မာစစ်ဘေးဒုက္ခသည်များကို မီဇိုရမ်အစိုးရမှ တနေရာတွင် စုစည်းနေထိုင်ရန် စတင်လုပ်ဆောင်နေသည်ဟုမီဇိုရမ် နေ့စဉ်ထုတ် သတင်းစာ The Aizawl Post တွင် ဖော်ပြခဲ့သည်။ (KhonumthungNew)

## မြေမြုပ်မိုင်း

ဇန်နဝါရီ ၃၀ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်နေ ဒေသခံတစ်ဦးသည် နမ့်ကွမ်းကျေးရွာမြောက်ဘက်တွင် မိုင်းတစ်လုံးအားနင်းမိ၍ မိုင်းထိမှန် ဒဏ်ရာများ ရခဲ့သည်။ ထို့အတူ တနိုင်းမြို့၊ ကျောင်းကုန်းကျေးရွာနေ ဒေသခံတစ်ဦးသည်လည်း မိုင်းတစ်လုံးအားနင်းမိ၍ မိုင်းထိမှန်ဒဏ်ရာများ ရခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပင်ကွင်းကျေးရွာနေ ဒေသခံတစ်ဦးသည် တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲခဲ့သဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ကချင်ပြည်နယ်၊ ကာမိုင်းမြို့နှင့် ကာမိုင်း-လဝါးလမ်းဆုံကြား တံတားအနီး၌ လက်လုပ်မိုင်းတလုံး တွေ့ရှိခဲ့သည်ဟု အစိုးရ သတင်းပြန်ကြားရေးမှ ဖော်ပြခဲ့သည်။ (MOI)

ဖေဖော်ဝါရီ ၆ ရက် နေ့လည်ပိုင်းတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ မိုင်ခွန်ကျေးရွာအနီး ပယင်းတူးဖော်ခြင်းလုပ်ကိုင်လျက်ရှိသည့် ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်နေ ဒေသခံတစ်ဦးသည် မိုင်ခွန်ပယင်းမှော်၏ တောင်ဘက် ၃ မိုင်ခန့်အကွာတွင် မိုင်းထိမှန်ပေါက်ကွဲနူကြောင့် ဒဏ်ရာများရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ကောင်းတုံကျေးရွာအနီး မန္တလေး- ဗန်းမော်သွား ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်၊ (၁၆၅)တွင် လက်လုပ်ရီမုမိုင်း တစ်လုံးအား တွေ့ရှိခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military) (The Ladies)

ဖေဖော်ဝါရီလ ၈ ရက်နေ့ နေ့လည်ပိုင်းတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဝါရာ ဖွပ်ကျေးရွာအုပ်စု၊ ရှဒူဖွပ်ကျေးရွာရှိဒေသခံတစ်ဦးသည် နင်းမိုင်းတလုံး ထိမှန်၍ ဒဏ်ရာများရခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီခန့်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ မိုင်ခွန်ကျေးရွာအနီး မိုင်ခွန်ပယင်းမှော်၌ ပယင်းတူးဖော်ခြင်း လုပ်ကိုင်လျက်ရှိသည့် ဒေသခံတစ်ဦးသည် တိုက်မိုင်းတစ်လုံး အားတိုက်မိ ပေါက်ကွဲ၍ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ ထို့အတူ ဖေဖော်ဂါရီ ၉ ရက် နံနက် ၉ နာရီခန့်တွင် တနိုင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာနေ ဒေသခံနှစ်ဦးသည် လည်း တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲ၍ မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။ (Military)

ဖေဖော်ဝါရီ ၁၀ရက်နေ့ နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်၊ မိုင်းငေါ့မြို့နယ် ခမ်ငင်း တံတားနှင့် ၂မိုင်အကွာအဝေး၌ ကြက်သေဦးဇင်းတစ်ပါးဖြစ်သူ ဦးဥတ္တမ မိုင်းထိမိသဖြင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ဆေးကုပေးခဲ့သည်။ (7Day) (Popular) (MarnagarNew)

## တွေ့ဆုံဆွေးနွေးမှု

ဖေဖော်ဝါရီ ၁ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တာလီမြို့တွင် တိုက်ပွဲများဖြစ်ပွားနေသည့် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)အဖွဲ့တို့ သီးသန့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံမှုတွင် တပ်မတော်ဘက်မှ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ် (၁) စစ်ဆင်ရေး အထူးအဖွဲ့ (ကစထမှူး) ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်ခဲ့ပြီး KIA ဘက်မှ ဗိုလ်ချုပ်ကြီး အင်ဘန်လနှင့်အတူ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ် ဂွန်မော် တို့ ဦးဆောင် တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ကချင်ပြည်နယ် အတွင်းဖြစ်ပွားလျက် ရှိသော တိုက်ပွဲများကိစ္စအပါအဝင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ တိုက်ပွဲများ လျှော့ချနိုင်ရေး၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်ရေးနှင့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် အညီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။ (Irrawaddy) (NMG) (7Day) (KachinNews)

ဖေဖော်ဝါရီလ ၈ ရက်နေ့က ရေးမြို့၊ အမှတ် (၁၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တွင် တပ်မတော်မှ ကစထမှူး ဗိုလ်ချုပ်ကြီးမင်းနောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မျိုးဝင်း၊ မွန်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ စကခမှူးတို့နှင့် မွန်ပြည်သစ်ပါတီစစ်ဦးစီးချုပ် နိုင်လယီကောင်းအပါအဝင် မွန်ပြည်သစ်ပါတီထိပ်ပိုင်းခေါင်းဆောင် အချို့နှင့် တွေ့ဆုံခဲ့ပြီး နစ်ဖက်တပ်ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (7Day) (Popular) (ThanLwinTime)

## အစည်းအဝေးများ

- **UNFC**

  ဖေဖော်ဝါရီ ၁၁ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ UNFC အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ (7Day)

- **FPNCC**

  ဇန်နဝါရီ ၃၀ ရက်နေ့တွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ဒုဥက္ကဌ များဖြစ်သည့် ဦးကျောက်ကော်အန်နှင့် ဦးတာ့ဂျက် (ဦးပေါက်ယူလျန်) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA) ဥက္ကဋ္ဌ ဦးစိုင်းလင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မိုင်းလားမြို့တွင် တွေ့ဆုံခဲ့ကြောင်း UWSA ၏

လားရှိုးမြို့ဆက်ဆံရေးရုံး ဒုတာဝန်ခံ ဦးညီရန်းမှ ပြောခဲ့သည်။ ထို့ပြင် မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) ဥက္ကဋ္ဌ ဦးဖုန်ကြားရှင်နှင့်လည်း တွေ့ဆုံခဲ့သည်။ (Irrawaddy)

- **UPC**

ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် UNFC ၏ ဒုတိယအကြိမ် ပုံမှန် အစည်းအဝေးကို စတင်ကျင်းပခဲ့ပြီး မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့ အန်စီအေ လက်မှတ်ရေးထိုးမည်ဖြစ်၍ အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထိ ယာယီရပ်ဆိုင်းထားသည်။ အစည်းအဝေးအပြီးတွင် UNFC၏ အဖွဲ့ဝင် ၃ ဖွဲ့မှ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးမည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း ၂ ဖွဲ့သာ လက်မှတ်ရေး ထိုးရန်သေချာသေးကြောင်း UNFC ဥက္ကဋ္ဌ နိုင်ဟံသာမှ ပြောခဲ့သည်။ (Mizzima)

- **JMC**

ဇန်နဝါရီ ၂၈ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ (၁၂) ကြိမ်မြောက် ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ကရင်) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ (၂) တို့မှ အမှာစကားများပြောခဲ့သည်။ အစည်းအဝေးသို့ JMC-S (ကရင်) ကော်မတီအဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်များ နှင့် အရပ်သားကိုယ်စားလှယ်များ စုစုပေါင်း (၁၉) ဦး တက်ရောက်ခဲ့သည်။ (JMC)

ဇန်နဝါရီ ၂၉ ရက်နေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) လုပ်ငန်းစဉ်အကြောင်း နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို သျှမ်းပြည်တောင်ပိုင်းရှိ (RCSS) လွိုင်တိုင်းလျဲန်း ဌာနချုပ်၌ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် NCA လက်မှတ်ထိုးခဲ့ခြင်း အကြောင်းအရင်းများ၊ JMC လုပ်ငန်းစဉ်များနှင့် ပတ်သတ်သော စည်းမျဉ်း စည်းကမ်းများအား ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဒုဥက္ကဋ္ဌ-၁ ဒုဗိုလ်ချုပ် စိုင်းယီ ၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဒုဥက္ကဋ္ဌ-၂ ဗိုလ်ချုပ်ခေးငင်း၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့် RCSS ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ (TaiFreedom) (JMC)

ဇန်နဝါရီလ ၂၉ ရက်နေ့တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့၌ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (တနင်္သာရီ) ၏ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (တနင်္သာရီ) ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ(၁)၊ ဒုတိယ ဥက္ကဋ္ဌ(၂)တို့မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ၊ တိုင်ကြားစာများနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များ၊ တနင်္သာရီတိုင်းဒေသကြီးရှိ ဒေသခံများနှင့် တွေ့ဆုံမည့်အစီအစဉ်များအား ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ ကော်မတီဝင် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နှင့် အရပ်သားကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့သည်။ (JCM) (Military)

ဇန်နဝါရီ ၂၉ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (မွန်) ၏ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ၊ ပြည်သူလူထုနှင့် တွေ့ဆုံကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်း

ဆွေးနွေးမည့် အစီအစဉ်များအပါအဝင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့သည်။ (JMC)

ဇန်နဝါရီ (၃၁) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကမမောင်းမြို့၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (ကရင်)မှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (ကရင်) ဒုဥက္ကဋ္ဌ (၂)၊ အတွင်းရေးမှူး (၁)နှင့် JMC-S (ကရင်) အဖွဲ့ဝင်များမှ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ လုပ်ငန်းများကို တွေ့ဆုံကာ ရှင်းလင်း ပြောခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ JMC-S (ကရင်) ကော်မတီဝင်များ၊ အထောက်အကူပြုဝန်ထမ်းများ၊ ကမမောင်းမြို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူလူထုများ စုစုပေါင်း လူဦးရေ (၂၈၀) ခန့်တက်ရောက်ခဲ့သည်။ (JMC)

နစ်ဖက်ထိတွေ့မှုများ၊ ပဋိပက္ခများ ရှောင်ရှားရေးနှင့် ယုံ ကြည်မှု မြှင့်တင်ရေး မြန်မာ့တပ်မတော် နှင့် NCA လက်မှတ်ရေးထိုးထား သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နစ်ဖက် တပ်မှူးများ တွေ့ဆုံဆွေးနွေးမှုကို ပထမဆုံးအကြိမ် စတင်နေပြီဖြစ်ကြောင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က ဖေဖော်ဝါရီ ၅ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။(7Day) (JMC)

- **CSSU**

ဖေဖော်ဝါရီ ၁ ရက်မှ ၂ ရက်နေ့အထိ ကျင်းပသွားမည့် ရှမ်းလက်နက်ကိုင်အဖွဲ့အစည်းများ၊ ရှမ်းနိုင်ငံရေးပါတီများနှင့် ရှမ်းလူထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသော ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) ၏ ဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းခြင်းအခမ်းအနားကို ပြုလုပ်ခဲ့သည်။ (Irrawaddy) (Shan News) (The Ladies)

## အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးခြင်း

ဖေဖော်ဂါရီ ၅ရက်နေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ (The Ladies))(Mizzima) (Myanmar Time) (7Day) (SC Office)

ဖေဖော်ဝါရီလ ၁၃ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC - II) ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီ(NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့မှ ပါဝင်လက် မှတ်ရေးထိုးပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာ သံတမန်များ၊ ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့သည်။ (MOI) (MOI) (Frontier-ENG)

ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှပြောကြားသည့် မိန့်ခွန်း (MOI) (MOI-ENG) (Mizzima)

ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ပြောကြားခဲ့သော မိန့်ခွန်း (Mizzima) (SGMAH) (SGMAH-ENG) (SGMAH) (Military-ENG) (Military)

ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထောမွန်မှ ပြောကြားခဲ့သော မိန့်ခွန်း (Mizzima) (MonNews)

## နီးနောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

ဇန်နဝါရီလ ၂၈ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး(KNU) ထိန်းချုပ်နယ်မြေ၊ လော်ခီးလာ၌ KNU ဗဟိုမှ လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို အသိပေးရှင်းလင်းရန် ကရင်လူမှုအခြေပြုအဖွဲ့အစည်း (KCBOs)၊ ကရင်လူမှုအခြေပြုအရပ်ဖက်အဖွဲ့အစည်း(KCSOs) တို့နှင့် တွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်အား ဆွေးနွေးတင်ပြခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ-UPDJCဆိုင်ရာ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကဏ္ဍဆိုင်ရာ အခြေအနေ၊ အရပ်ဖက်အဖွဲ့အစည်း(CSOs Forum)ဆိုင်ရာ၊ အပစ်ရပ်ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ဆိုင်ရာ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ(UPC)ဆိုင်ရာ အခြေအနေများကို အမြင်သဘောထားနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးသွားမည်ဖြစ်သည်ဟု KNU တွဲဘက်အတွင်းရေးမှူး (၂) ပဒိုစောလှထွန်းမှ KIC သတင်းဌာနသို့ ပြောခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် KNU ၏ ဗဟိုကော်မတီဝင်၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ကရင်လူမှု အခြေပြုအဖွဲ့အစည်း (KCBOs)၊ ကရင်လူမှုအခြေပြု အရပ်ဖက်အဖွဲ့အစည်း (KCSOs) စုစုပေါင်း ၄၄ဖွဲ့မှ ကိုယ်စားလှယ် ၁၄၅ဦး တက်ရောက်ခဲ့သည်။ (KIC)

ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် ရခိုင်အမျိုးသားပါတီ (ANP) တို့ ဦးဆောင်၍ ငြိမ်းချမ်းရေးဆိုင်ရာ ရခိုင်လူထုဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်မရသည့်အတွက် ရခိုင်ပြည်သူများ၏ သဘောထားအား ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံတွင် တင်ပြနိုင်ရန် လူထုဆွေးနွေးပွဲများနှင့် ဆောင်ရွက်သွားမည်ဟု ငြိမ်းချမ်းရေးဆိုင်ရာလူထုဆွေးနွေးပွဲ ကျင်းပရေးကော်မတီမှ ပြောခဲ့သည်။ (RFA) (Mizzima)

ဖေဖော်ဝါရီ ၅ရက်နေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ်၊ လိုင်ဇာမြို့ ကချင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KIA)ဌာနချုပ်၌ ၅၈ ကြိမ်မြောက် ကချင့်တော်လှန်ရေးနေ့ အခမ်းအနားကို ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ KIO ဗဟိုကော်မတီ၏ ဥက္ကဌ ဖြစ်သော ဗိုလ်ချုပ်ကြီး အင်ဘန်လနှင့်အတူ KIO ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူ အကြီးအကဲများ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)မှ တပ်မတော်အရာရှိကြီးများနှင့် ဒေသခံ ပြည်သူများ ၁၆၅၀ ဦး တက်ရောက်ခဲ့သည်။ (MyitkyinaNews) (7Day) (MyitkyinaNews) (Mizzima)

ဖေဖော်ဝါရီ ၅ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)၏ ထိပ်ပိုင်းခေါင်းဆောင်နှစ်ဦးဖြစ်သည့် ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း နှင့် အတွင်းရေးမှူး(၂) ပဒိုစောလှထွန်းတို့နှစ်ဦးသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက် အခြေချ နေထိုင်ကြသည့် ကရင်လူထု အချို့နှင့်သွားရောက်တွေ့ဆုံရန် သွားရောက်ခဲ့သည်။ (KIC) (MyanmarTimes)

ဖေဖော်ဂါရီ ၁၀ ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဂယ် ပေါင်ရွာ ဘုန်းတော်ကြီးကျောင်း၌ မွန် ပြည်သစ်ပါတီ(NMSP) ဗဟိုကော်မတီဝင် နိုင်ဉာဏ်ထွန်း ဦးဆောင်သည့်အဖွဲ့သည် ဒေသခံများ၊ အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ NCA လက်မှတ်ရေးထိုးရန် ဆုံးဖြတ်မှုအခြေအနေကို ရှင်းပြခဲ့သည်။ လူထုတွေ့ဆုံပွဲများကို မွန်ပြည်သစ်ပါတီအုပ်ချုပ်မှုရှိရာ ဒေသများ၌ ပြုလုပ်ရန် ဗဟိုက ညွှန်ကြားထားကြောင်း ဗဟိုကော်မတီဝင်နိုင်အောင်မငေးမှ ပြောခဲ့သည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ မွန်တိုင်းရင်းသားတွေနှင့် အသင်းအဖွဲ့တချို့ကို တွေ့ဆုံပြီး နိုင်ငံရေးဆွေးနွေးပွဲ စကားဝိုင်းကို တက်ရောက်လိုသောကြောင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(NCA) တွင် လက်မှတ်ထိုးရန် ဆုံးဖြတ်လိုက် ခြင်းဖြစ်ကြောင်း မွန်ပြည်သစ်ပါတီမှ ရှင်းပြခဲ့သည်။ (7Day) (RFA)

ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ကျရောက်မည့် နှစ် ၇၀ ပြည့်နှစ် ကရင်အမျိုးသားနေ့ အခမ်းအနားများကို ဧရာဝတီ နှင့် ရန်ကုန်တိုင်း ဒေသကြီး၊ မွန်ပြည်နယ်တို့တွင် ကျင်းပခဲ့သည်။ (KIC)

ဖေဖော်ဂါရီ ၁၂ ရက်နေ့တွင် မွန်းလွဲ ၃နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူဒီမို ကရက်တစ်အစည်းအရုံး(LDU) နှင့် ဂျပန်နိုင်ငံမှ နီပွန် ဖောင်ဒေးရှင်းတို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲသို့ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထေ၀မွန်၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. YOHEI SASAKAWA၊ မွန်ပြည်သစ် ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဂျပန်အစိုးရနှင့် နီပွန် ဖောင်ဒေးရှင်းတို့ ပူးပေါင်းလက်တွဲ၍ NCAလက်မှတ် ထိုးပြီးသည့် KNUဒေသတွင် ငြိမ်းချမ်းရေး အကျိုးကျေးဇူးများ ခံစားနိုင်ရေး အတွက် အမေရိကန်ဒေါ်လာ သန်း (၄၀)ကို ပိုင်းဝန်း ကူညီခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁၃ရက်တွင် NCAလက်မှတ်ထိုးမည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး၏ ဒေသတွင် နေထိုင်ကြသည့် ပြည်သူပြည်သားများ ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးကို အမြန်ဆုံးခံစားနိုင်စေရန်အတွက်လည်း မိမိတို့ အနေဖြင့် ပိုင်းဂန်းပူးပေါင်း ကူညီသွားမည် ဖြစ်ပါကြောင်း ပြောခဲ့သည်။ (7Day) (Popular) (DVB) (MOI) (BBC)

## အရပ်ဘက်စစ်ဘက်ဆက်ဆံရေး

ကချင်ပြည်နယ် တနိုင်းဒေသတွင် ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် ပိတ်မိနေသည့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရ၊ တပ်မတော် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့နှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG) မှ ဦးလမိုင်ဝွန်ဂျာက ပြောခဲ့သည်။ (The Ladies) (KachinWaves)

ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကချင်ပြည်နယ်၊ တနိုင်းဒေသ၌ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တိုက်ပွဲများကြောင့် ပိတ်မိနေသူတွေကို ကယ်ထုတ်နိုင်ရေး အတွက် အကူအညီပေးဖို့ စစ်ဘေးသင့်ပြည်သူများအား အရေးပေါ် ကယ်ဆယ် ကူညီရေးကော်မတီ (ကချင်ပြည်နယ်) မှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဆီကို အကူအညီတောင်းခံစာ ပေးပို့ခဲ့သည်။ (RFA) (RFA)

ဖေဖေါ်ဝါရီ ၂ ရက်နေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်၌ လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် တပ်မတော် (ကြည်း၊ ရေ၊လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း (ဆင်ဖြူရှင်) လေ့ကျင့်ဆောင်ရွက်နေမှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လေ့ကျင့်ခန်းသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက် တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံးတပ်ဖွဲ့ များမှ တပ်မတော်သားများ၊ ပြည်တွင်းသတင်း မီဒီယာများမှ သတင်းထောက်များ တက်ရောက်ခဲ့သည်။ (Military) (MOI) (Frontier)

ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ပုသိမ်မြို့ ရွှေသောင်ယံ ကမ်းခြေ၌ လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း(ဆင်ဖြူရှင်-ဒုတိယနေ့) လေ့ကျင့်နေမှုများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်ခဲ့သည်။ အဆိုပါလေ့ကျင့်နေမှု အခမ်းနားသို့ ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး တပ်ဖွဲ့များမှ တပ်မတော်သားများ၊ ပြည်တွင်းသတင်း မီဒီယာများမှသတင်းထောက်များ တက်ရောက်ခဲ့သည်။ (PopularNews) (Military) (MOI) (Military)

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကရင်ပြည်နယ်ဝင်းရေးမြို့နယ်၌ စောဘဦးကြီးရုပ်ထုကို ဒေသခံကရင်လူထုနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တပ်သားတချို့မှ စိုက်ထူနေစဉ် ကြာအင်းဆိပ်ကြီးမြို့နယ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းထွန်းစံမှ လာရောက်တားမြစ်ခဲ့သည်။ (BBC) (RFA) (Irrawaddy)

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒဂုံမြို့နယ် မိုင်ဒါကွင်းတွင် မွန်းလွဲ ၁ နာရီမှာ တပ်မတော် ထောက်ခံပွဲ ပြုလုပ်ခဲ့သည်။ ထောက်ခံပွဲကို အမျိုးသားရေး လှုပ်ရှားသူများ ဦးဆောင်ကာ အင်အား ၂,၀၀၀ ကျော်ဖြင့် မိုင်ဒါကွင်းအတွင်း ပြုလုပ်ပြီး အဆိုပါ ဆန္ဒကျင်ရှုတ်ချပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီဝင်များ၊ အမျိုးသားရေးလှုပ်ရှားသူများ၊ တပ်မတော်စစ်မှုထမ်းဟောင်းများနှင့် ဦးလှဆွေ၊ ဒေါ်ခင်ပိုင်းကြည်၊ ဦးအေးနေဝင်း စသူတို့လည်း တက်ရောက်ခဲ့သည်။ ထို့ပြင်တပ်မတော်ထောက်ခံပွဲတွင် ကျည်ဆန်အတောင့် ၁၀၀ ကျော်ပါရှိသည့် အထုပ်တထုပ်တွေ့ရှိခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။ တပ်မတော်ထောက်ခံပွဲနှင့် ပတ်သတ်၍ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် မပြုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အမိန့်ထုတ်ပြန်ထားသည့် ၁၁ မြို့နယ်တွင်ပါဝင်ပြီး ဒဂုံမြို့နယ်မိုင်ဒါကွင်းတွင် ပြုလုပ်ခြင်းအပေါ် သတ္တမအကြိမ် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးမှာ မေးခွန်း မေးမြန်းသွားမည်ဟု ဒဂုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျမှပြောခဲ့သည်။ (7Day) (Eleven) (RFA)

ဖေဖော်ဝါရီ ၅ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ စီတာပူမနောကွင်းမှ မြစ်ကြီးနားမြို့အတွင်း၌ တနိုင်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်တို့တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တို့ တိုက်ပွဲဖြစ်ပွားနေခြင်းကြောင့် တိုက်ပွဲတွင် ပိတ်မိနေသော စစ်ဘေးရှောင်များအား ကူညီကယ်ဆယ်ရေးလုပ်နိုင်ရန်အတွက် ဒေသခံများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ လူဦးရေ စုစုပေါင်း တစ်ထောင်ဝန်းကျင်ခန့် လှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။ (MyikyinaNews) (PopularNews) (MyanmarTimes) (RFA) (Mizzima) (BBC) (KachinNews) (NMG) (Kachin Waves) (Irrawaddy) (VOA) (Mizzima) (VOA)

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနား-ပူတာအိုလမ်း ပြန်လည်သွားလာနိုင်ရေးအတွက် ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG) မှ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကို တင်ပြထားကြောင်း PCG ၏ တာဝန်ရှိသူမှ ပြောခဲ့သည်။ ထို့ပြင် ကချင်ပြည်နယ် အစိုးရမှလည်း လမ်းပြန်လည် အသုံးပြုနိုင်ရေးအတွက် (PCG)ကို ခေါ်ယူဆွေးနွေးခဲ့သည်ဟု ဦးလမိုင်ဂွမ်ဂျာ မှ ပြောခဲ့သည်။ (VOA)

ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ပြုလုပ်သော (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်အော်ပရေတာ တစ်ခုဖြစ်သော Telecom International Myanmar Company Limited(Mytel) ၏ First Call Announcement အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့သည်။ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Dr. Luan Thuy Duong ၊ Telecom International Myanmar Company Limited (Mytel) ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ (SGMAH) (SGMAH-ENG)

## သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးနေစဉ် ကာလအတွင်း ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည့် စစ်ပွဲများကို လုံးဝရှောင်ရှားရန် လိုအပ်သည်ဟု ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေးကော်မတီ မှ ဇန်နဝါရီလ ၃၀ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (Mizzima)

ဇန်နဝါရီ ၃၁ ရက်တွင် ကျရောက်သည့် ၆၉ နှစ်မြောက် ကရင်အမျိုးသား တော်လှန်ရေးနေ့အတွက် နိုင်ငံတကာ ကရင်အဖွဲ့အစည်း-(IKO) ၏ သဘောထားထုတ်ပြန်ချက် တစ်စောင် ထုတ်ပြန်ကြေညာခဲ့သည်။ (KIC)

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်သော ၇၁ ကြိမ်မြောက် မွန်အမျိုးသားနေ့၌ တနိုင်ငံလုံး အပစ်ခတ်တိုက်ခတ်မှုသဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် လက်နက်ချခြင်းမဟုတ်သလို ရည်မှန်းချက် ပန်းတိုင်လည်း မဟုတ်ကြောင်း မွန်ပြည်သစ်ပါတီ (NMSP)မှ ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးဆွေးနွေးပွဲတက်လှမ်းရန်နှင့် ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်နိုင်ရန် အခွင့်အလမ်းတစ်ခုမျှသာဖြစ်ကြောင်း ဒီမိုကရေစီအရေး၊ အမျိုးသားတန်တူးရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး သည်သာ ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (Mon News) (Myammar Time) ( HintharMedia) (MonNews)

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်၊ ဝိုင်းမော်နှင့်တနိုင်းမြို့နယ်တွေများတွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် အရပ်သားများ လုံခြုံရေးကို စိုးရိမ်မကင်း ဖြစ်ရနေကြောင်း ကုလသမဂ္ဂ လူသားချင်းဆိုင်ရာအဖွဲ့မှ ထုတ်ပြန်လိုက်သည့် အစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ (RFA)

ဖေဖော်ဝါရီလ၂ရက်နေ့တွင် သျှမ်းပြည်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်းရှိ RCSS/SSA ဌာနချုပ်လွယ်တိုင်းလျှန်းတွင် သျှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) နစ်ပတ်လည် အစည်းအဝေးကျင်းပရာ အလှည့်ကျဥက္ကဋ္ဌအဖြစ် သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDP (ကျားဖြူပါတီ)အား ပေးအပ်ပြီး အချက် ၃ ချက်ပါ ကြေငြာချက် တစောင်ကို ထုတ်ပြန်ခဲ့ သည်။ (Shan News)

၂၀၁၃ခုနှစ်က ရပ်ဆိုင်းထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနယ်စပ်ကို ချိတ်ဆက်ပေးသည့် နစ်လမ်းသွားစီးမံကိန်းကို ဆက်လက်အကောင်အထည်ဖော်မည့်အပေါ် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဖေဖော်ဝါရီလ (၂)ရက်နေ့ ရက်စွဲဖြင့် သဘောထား ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ (KIC)

မြန်မာ့တပ်မတော်မှ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များအပေါ် ထိုးစစ်ဆင်နေမှုနှင့် အပြစ်မဲ့အရပ်သား ပြည်သူလူထုများအား ပစ်မှတ်ထား တိုက်ခိုက်နေခြင်းအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ကြေငြာချက်တစောင်အား မြန်မာပြည်မြောက်ပိုင်း မဟာမိတ်အဖွဲ့မှ ဖေဖေါ်ဝါရီလ သုံးရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (NAB) (FPNCC) (TheArakanArmy)

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်ဒေသတွင် နေထိုင်သည့် လီဆူတိုင်းရင်းသား ၂၁ ဦးအား ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)မှ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ တပ်သားသစ်စုဆောင်းခဲ့သည့်အတွက် ဖမ်းဆီးခံရသူများအား အမြန်ဆုံးပြန်လွှတ်ပေးရန် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ကြေညာချက်တစ်စောင်အား ဖေဖော်ဝါရီလ ၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ထို့ပြင်ဖမ်းဆီးခေါ်ဆောင်သွားသူများလွတ်မြောက်ရန် (KIA/KIO) ဗဟိုထံ တောင်းဆိုထားပြီး၊ ကြေညာချက်ကို (KIA) နှင့် ကချင်ပြည်နယ် အစိုးရထံသို့ ပေးပို့မည်ဟု ဥက္ကဋ္ဌဖြစ်သူ ဦးဆီဖာလာလူးမှ ပြောခဲ့သည်။ (TheLadies)

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်ရှိ (RCSS/SSA) ဌာနချုပ်လွယ်တိုင်းလျှန်းတွင် ၇၁ နစ်မြောက် သျှမ်းပြည်အမျိုးသားနေ့ အခမ်းအနားအပြီးတွင်  RCSS မှကြေညာချက် တစောင် ထုတ်ပြန်ခဲ့သည်။ ကြေငြာချက်တွင် NLD ဦးဆောင်သည့် လက်ရှိအစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးစဉ် ထိုက်သင့်သလောက် ခရီးမပေါက်နိုင်သေး ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (ShanNews) (The Ladies)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးထင်ကျော်(၇၁)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ (PresidentOffice)

ရှမ်းတိုင်းရင်းသားတွေအတွက် အမျိုးသားအဆင့်နိုင်ငံရေး အကြိုဆွေးနွေးပွဲတွေ လူထုတွေ့ဆုံပွဲတွေ ပြုလုပ်ခွင့်မရတာကြောင့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ ၁၄ရက်နေ့အထိ လင်းခေးမြို့မှာ ပြုလုပ်ရန် ပြင်ဆင်ထားသည့် ရှမ်းလူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲရက်ကို ယာယီရွှေ့ဆိုင်းလိုက်ကြောင်း အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ဖေဖော်ဝါရီလ ၈ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ (VOA)

ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တရုတ်ပြည်၌ တွေ့ဆုံခဲ့ပြီး ဖေဖော်ဝါရီလ ၈ ရက်နေ့ ရက်စွဲဖြင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)မှ သဘောထားထုတ်ပြန်ချက် တစောင်ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်ထဲတွင် မြန်မာ့တပ်မတော်ဘက်က (KIA) တပ်ရင်း ၁၄

ဌာနချုပ်အပါအဝင် KIA တပ်စခန်းများ ဖယ်ရှားပေးရန်နှင့် အချို့သော KIA တပ်မဟာများ တည်ရှိမှုကို အသိအမှတ်မပြုနိုင်ကြောင်း ဖိအားပေးဆွေးနွေးခဲ့သည်ဟု ဖော်ပြခဲ့သည်။ (MyitkyinaNews) (mmtime) (NMG) (7Day) (TheLadies) (BBC) (Mizzima) (TheMyanmarTime) (RFA) (Eleven)

ဖေဖော်ဝါရီလ ၁၁ ရက်တွင်တနိုင်ငံလုံးအပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) တွင် လက်မှတ်ရေးထိုးမည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့အား အကြမ်းဖက်သူများမဟုတ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်း မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ကြေငြာချက် ထုတ်ပြန်ခဲ့သည်။ (MonNew) (Popular) (MyanmarTime) (Mizzima) (MOI)

UNFC ၏ ဒုတိယအကြိမ်ပုံမှန်ကောင်စီအစည်းအဝေးအား အဖွဲ့ဝင်အဖွဲ့အစည်း (၂) ဖွဲ့ လက်မှတ်ရေးထိုးခြင်းအစီအစဉ်ပြီးနောက် ပြန်လည်စတင်သွားမည်ဖြစ်ပါကြောင်း ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (UNFC)

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) အား လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သတ်၍ သဘောထားကြေငြာချက်တစောင် ထုတ်ပြန်ခဲ့သည်။ (ArakanArmy) (TheArakanArmy) (MyanmarTime) (RFA)

## သဘောထားမှတ်ချက်

ဇန်နဝါရီ ၂၉ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဌမနေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်နီနိုင် မေးမြန်းသော ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကိုးကန့်တိုင်းရင်းသားများ၏အထိမ်းအမှတ် ကိုးကန့်အမျိုးသားနေ့သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်းသော မေးခွန်းကိုတိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်မှ ဖြေကြားရာတွင် "တိုင်းရင်းသား မျိုးနွယ်စု၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ဖို့အတွက် အားလုံး ပါဝင်သည့် ဦးစီးအဖွဲ့ကို ရွေးဦးစွာဖွဲ့စည်းပြီး တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ သဘောထားဆန္ဒကိုလည်း ရယူဖို့လိုအပ်ပါသည်။ အမျိုးသားနေ့ သတ်မှတ်လိုသည့် အကြောင်းရင်းမှာလည်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခြေခံမူတွင်ပါရှိသည်များနှင့်လည်း ကိုက်ညီဖို့လိုပါသည်"ဟု ပြောခဲ့သည်။ (Myanmar Times)

ဇန်နဝါရီ ၃၁ ရက်နေ့တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ ကျင်းပသည့် ၆၉ ကြိမ်မြောက် ကရင့်အမျိုးသား တော်လှန်ရေးနေ့ အခမ်းအနား မိန့်ခွန်းတွင် ကရင် အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ (KNU)၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေး နည်းလမ်း ဖြင့် တွေ့ဆုံ ဆွေးနွေးပြီး ငြိမ်းချမ်းစွာ အဖြေရှာရေးပင်ဖြစ်ပြီး လက်နက်ကိုင် လမ်းစဉ်ကို စွန့်လွှတ်ရန် မဟုတ်ကြောင်း ပြောခဲ့သည်။ (Irrawaddy) (KIC) (The Ladies) (KNU-HQ)

NCA တွင် မကြာခင်လက်မှတ်ထိုးမည်ဟု ကြေညာခဲ့သည့် UNFC အဖွဲ့ဝင် ၂ ဖွဲ့၏ လုပ်နည်းလုပ်ဟန်သည် လွှဲမှားနေသည့်အကြောင်း အဆိုပါ ၂ ဖွဲ့အပြင် ငြိမ်းချမ်းရေးကော်မရှင်ကိုလည်း ထောက်ပြထားသည်ဟု UNFC ၏ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်သည့် ထွန်းဇော်မှ ပြောခဲ့သည်။ (Arakan Army)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၏ ရှေ့ဆက်ရပ်တည်ချက်နှင့် ပတ်သက်ပြီး ဖေဖော်ဝါရီလအတွင်း ပြုလုပ်ရန်ရှိသည့် ကောင်စီအစည်းအဝေးတွင် ဆုံးဖြတ်သွားမည်ဟု UNFC ၏ နိုင်ငံရေး ဆိုင်ရာဆွေးနွေးညှိနှိုင်းရေးအဖွဲ့ (DPN) ဒုတိယ အဖွဲ့ ခေါင်းဆောင် နိုင်အောင်မငေးမှ ပြောခဲ့သည်။ (Mizzima)

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖားအံခရိုင်၊ လေးဝါး (လော်ခီးလာ)၌ ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုယ်စားလှယ်များ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဆိုင်ရာ အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီ၊ JMC–U ဒုဥက္ကဋ္ဌ (၁) ဗိုလ်ချုပ် စောအိုင်း ဖက်ဖိုး၊ ကာကွယ်ရေးဌာန တာဝန်ခံ ဗိုလ်မှူးစောရောဂျာခင်၊ KNU အတွင်းရေးမှူးချုပ် ပဒို စောတာဒို မှူးနှင့် သက်ဆိုင်ရာ ဒေသအသီးသီးရှိ KNU ၏ စစ်ဖက်၊ အရပ်ဖက် JMC ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ (7Day) (KNU) (KIC)

မွန်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ပြီးကာမှ ၂၁ရာစုပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြုလုပ်ရန် အစိုးရနှင့်တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များအား မေတ္တာရပ်ခံထားသည်ဟု မွန်ပြည်သစ်ပါတီ (NMSP) ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး ဖြစ်သည့် နိုင်အောင်မငေးမှ ဖေဖေါ်ဝါရီလ ၆ရက်နေ့တွင် ပြောခဲ့သည်။ (Mizzima)

ဖေဖော်ဝါရီ ၁၁ ရက်နေ့ ညပိုင်းတွင် အစိုးရနှင့် ရခိုင်အမျိုးသားကောင်စီ(ANC)တို့အကြား တပ်ပိုင်းဆိုင်ရာ ကိစ္စအပေါ် ညှိနှိုင်းမှု အဆင်မပြေခြင်းကြောင့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ် မထိုးနိုင်သေးကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြောခဲ့သည်။ (Irrawaddy)

ဖေဖော်ဝါရီ ၁၁ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပလျက်ရှိသော မွန်ပြည်သစ်ပါတီ (NMSP) ဒုဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သည့် UNFC အစည်းအဝေး၌ ANC မှ NCAတွင် ပါဝင်မည်ဟု ဆုံးဖြတ်ခဲ့ကြောင်း (NMSP)မှ နိုင်အောင်မငေးက ANC အဖွဲ့ NCA လက်မှတ် ရေးထိုးမည်ဆိုသည့် အကြောင်း ကြားမှုကို ရရှိကြောင်း အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)မှ ပြောခဲ့သည်။ ကျန်ရှိနေသည့် UNFC အဖွဲ့ဝင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှလည်း ဆက်သွယ်မှုရရှိကြောင်း ၊ **"KNPP က သူတို့လည်း ဆက်သွယ်ပါ တယ်။ သူတို့အဆင် သင့်မဖြစ်သေးလို့ပါတဲ့။ သူတို့ကို နားလည်ပေးပါတဲ့။ အဆင်သင့် ဖြစ်တယ်ဆို ဒီဖေဖော်ဝါရီလထဲ မှာ သူတို့ ထပ်ဆက်သွယ်ပါမယ် တဲ့။ သူတို့မှာလည်း ထိုးဖို့မူတော့ ရှိပါတယ်တဲ့"**ဟု ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)မှ ပြောခဲ့သည်။ (7Day)

ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ (NCA) တွင် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း၌ ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေး ပြုလုပ်နိုင်ရန်အတွက် စီစဉ်သွားမည်ဟု ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးမှ ပြောခဲ့သည်။ (RFA)

ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ရခိုင်အမျိုးသား ကောင်စီ (ANC) အနေဖြင့် တနိုင်ငံလုံးအပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးရန် သဘောထားပြောင်းလဲသွားခြင်းသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) နှင့် ထိပ်သီးခေါင်းဆောင် များ၏ စုဖွဲ့မှုဖြစ်သော NCA အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)တွင် ကိုယ်စားလှယ်ပါဝင်ခွင့် မရ၍ဖြစ်ကြောင်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အချို့မှ ပြောခဲ့သည်။ လက်မှတ်ထိုးပွဲသို့ မလာနိုင်တော့ကြောင်း ပြန်လည်ဆက်သွယ်ခဲ့သည်ဟု အစိုးရငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)မှ **"မနေ့ညက ၈ နာရီခွဲ ၉ နာရီလောက်မှာ မလာတော့ပါဘူး တဲ့။ အခြေအနေ တစ်ရပ်ရပ် ကြောင့်ပေါ့။ အကြောင်းမညီညွတ်လို့ပေါ့"** ဟုပြောခဲ့သည်။ (7Day)

## ငြိမ်းချမ်းရေးဖြစ်စဉ် ရက်စွဲစဉ်မှတ်တမ်း
## အတွဲ (၂)၊ အမှတ် (၃)၊ ဖေဖော်ဝါရီ၊ ၂၀၁၇

တနိုင်ငံလုံးအပစ်ရပ်စာချုပ်(NCA) လက်မှတ်ရေးထိုးပြီးမှသာ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့ဝင် ထိပ်သီးခေါင်းဆောင်များအနေဖြင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခွင့်ရမည်ဟု အစိုးရဘက်မှပြောဆိုထားကြောင်း UNFC ပြောခွင့်ရပုဂ္ဂိုလ် ဦးထွန်းဇော်မှ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ တွင် ပြောဆိုခဲ့သည်။ (Mizzima)

ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပန်ဆန်းမြို့နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ နေထိုင်ကြသည့် ဝ တိုင်းရင်းသားများအား ကျိုင်းတုံဒေသကို ဝင်ထွက်သွားလာခွင့်မရအောင် စစ်ဆေးရေးဂိတ်များမှ တားမြစ်မှုများ လုပ်ဆောင်နေသည်ဟု ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော်၏ လားရှိုးရုံးဆက်ဆံရေး တာဝန်ခံ ဦးညီရမ်းမှ ပြောခဲ့သည်။ (RFA)

## တိုင်းရင်းသားပါတီများ

ဖေဖော်ဝါရီလ ၂ရက်နေ့တွင်ကရင်ပြည်နယ် အခြေစိုက်နိုင်ငံရေးပါတီ ၄ ပါတီ ပူးပေါင်းကာ ကရင်အမျိုးသား ဒီမိုကရက်တစ် ပါတီ(Karen National Democratic Party-KNDP) ဟူသောအမည်သစ်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ခဲ့သည်ဟု ကရင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေး ကြိုးပမ်းနေသူများမှ ပြောဆိုခဲ့သည်။ (MyanmarTimes) (Irrawaddy)

## ထူးခြားဖြစ်စဉ်

ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) တပ်ဖွဲ့မှ ထွက်ပြေးလွတ်မြောက်လာသော လူငယ်ခုနစ်ဦးအား မိဘများထံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားပြုလုပ်ခဲ့ပြီး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်လှိုင်နှင့် အဖွဲ့ဝင်များ၊ လူငယ်များ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့သည်။ (Military) (MyanmarTime)

ဇန်နဝါရီ ၃၁ ရက်နေ့ မနက်ပိုင်းတွင် NCA လက်မှတ်ရေးထိုးရန် ပြင်ဆင်နေသည့် မွန်ပြည်သစ်ပါတီ NMSP၏ တပ်ဖွဲ့ဝင် ၅ ဦး အာနီး၊ ဗညားဒွေး ၊ နိုင်လင်း ၊ နိုင်တင်လှ စသည့် တပ်ဖွဲ့ဝင်များကို မွန်ပြည်နယ် ကျိုက်မရော အကျဉ်းထောင်မှ လွတ်ပေးလိုက်သည်ဟု မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင် နိုင်ကြည်စိန်းမှ ပြောခဲ့သည်။ (7Day) (Popular) (Irrawaddy)

ကချင်ပြည်နယ် ပူတာအိုတွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဓါတ်ဆီကုန်ဈေးနှုန်း အဆမတန် မြင့်တက်လာနေသည်ကို တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးထိန်း ညှိပေးစေလိုကြောင်း ဒေသခံတဦးဖြစ်သူ လေယာဉ်ကွင်းရပ်ကွက်နေ ကိုထီဆန်းဆင်ဆားရ်မှ ဖေဖေါ်ဝါရီလ ၃ ရက်နေ့တွင် ပြောခဲ့သည်။ (KachinWaves)

ဖေဖော်ဝါရီ ၉ ရက်နေ့တွင် စစ်တွေခရိုင် တရားရုံး၌ ရသေ့တောင်မြို့နယ် စာပေဟောပြောပွဲနှင့် ပတ်သက်၍ နိုင်ငံတော်အကြည်ညိုပျက်စေမှု ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)(ဂ)၊ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၁(ခ)(ဂ) ဖြင့် အမှုဖွင့်ခံထား ရသူ ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ကို ရုံးထုတ်ခဲ့သည်။ (7Day) (DVB) ( RFA) (Narinjara) (Narinjara)

ဖေဖော်ဝါရီ ၁၀မွန်းလွဲပိုင်းတွင် တိုက်ပွဲအတွင်း ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)မှ ဖမ်းဆီးခဲ့သည့် မြန်မာတပ်မတော်သား(၃)ဦးအား ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG)ထံ လွှဲပြောင်းအပ်နှံခဲ့သည်။ စစ်သုံ့ပန်းတွေကို ပြန်လွှတ်ပေး ရမယ်ဆိုသည့် မူဝါဒအရ လွှတ်ပေးတာဖြစ်ကြောင်း၊ **"အဲဒီနေ့မှာ ရတာ သုံးဦးပါပဲ။ ဒါ အားလုံး ပြန်လည် လွှတ်ပေးလိုက်ပြီ။ ကျနော်တို့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ကနေတဆင့်ပေါ့။ မကျန်တော့ပါဘူး။ ကျနော်တို့ စစ်သုံ့ပန်းတွေ ကို ပြန်လွှတ်ပေးဖို့ ပေါ်လစီရှိပါတယ်။ နှိပ်စက်ဖို့တွေ၊ သတ်ဖြတ်ဖို့တွေဆိုတာ ကျနော်တို့မှာ မရှိပါဘူး။ အမြဲတမ်း ကျနော်တို့ ပြန်လွှတ်ပါတယ်။ အဲဒါ ပေါ်လစီအတိုင်း ကျနော်တို့ ဆက်လုပ်တာပါ"** ဟုKIA၏ ပြန်ကြားရေး တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနော်ဘူမှ ပြောခဲ့သည်။ (MyitkyinaNew) (RFA) (Mizzima) (7Day)

ဖေဖော်ဝါရီလ ၁၁ ရက် မနက်ပိုင်းတွင် ပုသိမ်မြို့ ရွှေမောဒေါ်ဘုရားရှေ့ကနေ မြို့တော်ခန်းမအထိ ရိုက်တာသတင်းထောက် နှစ်ဦး လွတ်မြောက်ရေးအတွက် မြန်မာဂျာနယ်လစ်ကွန်ရက် (ဧရာဝတီ) နှင့် မြန်မာသတင်းသမားများကာကွယ်ရေးကော်မတီတို့ ပူးပေါင်းပြီး ဆန္ဒပြတောင်းဆိုခဲ့သည်။ (DVB) (RFA)

ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တပ်မဟာ ၉ နှင့် တပ်မဟာ ၁၀ တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ (Irrawaddy)

## နိုင်ငံတကာဆက်ဆံရေး

ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ဖမ်းဆီးခံထားရသော ရိုက်တာသတင်းထောက်နှစ်ဦးအားလွှတ်ပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက ပြောရေးဆိုခွင့်ရှိသူ ရူပါ့သ်ကိုလ်ဗီလီက ဂျီနီဗာမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မြန်မာ အာဏာပိုင်များအား တောင်းဆိုခဲ့သည်။ (7Day)

ဖေဖော်ဝါရီ ၂ နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် အာရှဖောင်ဒေးရှင်း ရုံး ချုပ်မှ ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ် (၃၂) ဦးတို့ တွေ့ဆုံခဲ့သည်။ (SC Office) (MOI)

ဖေဖော်ဂါရီ ၅နေ့တွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ရှေ့၌တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwanတို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာ ကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ထိုင်းဘုရင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် Gen. Haspong Yuvarnavandhana၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သံမှူးများ တက်ရောက်ခဲ့သည်။ (Military) (Military)

ဖေဖော်ဝါရီ ၆ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် (United Nations Environment Programme-UNEP) ၏ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် Mr. Erik Solheimမှ လာရောက်တွေ့ဆုံခဲ့သည်။ (SC Office)

ဖေဖော်ဝါရီ ၇ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ၊ အွန်တေရီယို ပြည်နယ်ဝန်ကြီးချုပ်ဟောင်း Hon. Robert Raeတို့ တွေ့ဆုံခဲ့သည်။ (StOffice) (MOI)

ဖေဖော်ဝါရီ ၇ ရက်နေ့ နံနက်ပိုင်းတွင် Changi Exhibition Centre ၌ ကျင်းပပြုလုပ်လျက်ရှိသည့် စင်ကာပူလေကြောင်းပြပွဲ (Singapore Airshow 2018)သို့ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ စင်ကာပူ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးငွေအောင်၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဆန်းညွှန့်ဦးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စင်ကာပူတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim နှင့် Ministry of Defence Chalet ၊ Changi Exhibition Centre ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မလက္ကာရေလက်ကြား ပင်လယ်ပြင်လုံခြုံရေးနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ စစ်ဘက်ဆေးပညာပူးပေါင်း ဆောင်ရွက်ရေး ကိစ္စများ ဆွေးနွေးခဲ့သည်။ (Military) (MOI)

ဖေဖော်ဝါရီ ၈ ရက်နေ့ နံနက်ပိုင်းတွင်Changi Exhibition Centre ၌ ပြုလုပ်လျက်ရှိသည့် စင်ကာပူလေကြောင်းပြပွဲ အားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး ဆန်းညွှန့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် Lt. Gen. Perry Lim တို့သည် Ministry of Defence Chalet ၊ Changi Exhibition Centre ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မလက္ကာ ရေလက်ကြား ပင်လယ်ပြင် လုံခြုံရေးနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ စစ်ဘက်ဆေးပညာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ (The Ladies) (Popular) (Military)

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖမ်းဆီးတရားစွဲဆိုခံနေရသည့် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်နှင့် ကိုကျော်စိုးဦးတို့ကို ပြန်လွှတ်ပေးရန် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး Nikki Haley မှ တောင်းဆိုခဲ့သည်။ လွတ်လပ်တဲ့သတင်းမီဒီယာသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၏အခြေခံအုတ်မြစ်တခုဖြစ်သည်၊ သူတို့အလုပ် သူတို့လုပ်ခြင်း ကြောင့် သတင်းထောက်တွေကို ဖမ်းဆီး တာမျိုး ဘယ်တော့မှ မလုပ်ရဘူးဟုသံအမတ်ကြီး Haley မှပြောခဲ့သည်။ (VOA)

ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon.Boris Johnson MP တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး စီစဉ်ဆောင်ရွက် ထားရှိမှုများအပါအဝင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (7Day) (Popular) (MyanmarTime) (VOA) (RFA) (RFA) (BBC) (Frontier) (SC Office) (Eleven) (MOI)

ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့၌ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) နှင့် Mr. Sun Guoxiang ဦးဆောင်သည့် တရုတ်ငြိမ်းချမ်းရေး အထူးသံအမတ် အဖွဲ့တို့ ရန်ကုန်မြို့ရှိ တရုတ်သံရုံးတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြောင်း NCA လက်မှတ်ထိုးရှစ်ဖွဲ့မှ ဒေါ်စောမြ ရာဇာလင်းမှ ပြောခဲ့သည်။ **"အခုတွေ့ဆုံပွဲကတော့ အလွတ်သဘော အမြင်ချင်းဖလှယ်တဲ့တွေ့ဆုံမှုပေါ့ ၊ ကိုယ့်ဘက်မှာ ရှိနေတဲ့ အခက်အခဲတွေနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတိုင်ပင်တာ၊ တပ်မတော်ဘက်ကနေပြီးတော့ သျှမ်းအမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ နှင့် လူထုတွေ့ဆုံပွဲကို ဟန့်တားတဲ့အကြောင်း နဲ့ မြောက်ပိုင်း မဟာမိတ် ၇ ဖွဲ့ဖြစ်တဲ့ (FPNCC) အဖွဲ့ရဲ့ အခြေအနေကိုလည်း မေးမြန်းတယ် ၊ နောက်ပြီးတော့ ကချင်နဲ့ သျှမ်းပြည်မြောက်ပိုင်းမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေ ရပ်တန့်ပေးဖို့အတွက် အကူအညီ တောင်းခံတယ်၊ သူတို့ဘက်ကလဲ ငြိမ်းချမ်းရေးဆိုတာက တစ်ဖွဲ့ကျန်နေလဲ ငြိမ်းချမ်းရေးမဖြစ်နိုင်တဲ့အတွက်ကြောင့် သူတို့ဘက်ကနေပြီးတော့ တတ်နိုင်သမျှ ကူညီပေးမယ်လို့ ပြန်ပြောတယ်"** လို့ တွေ့ဆုံမှုနှင့် ပတ်သက်ပြီး RCSS အတွင်းရေးမှူး (၃) ဗိုလ်မှူးကြီး စိုင်းငင်းမှ ပြောသည်။ အလွတ်သဘော တွေ့ဆံမှုတွင် မစ္စတာ စန်းကော်ရှန်း ဦးဆောင်သည့် တရုတ်ငြိမ်းချမ်းရေးအထူး သံအမတ် အဖွဲ့ ဝင် (၅) ဦး ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့၏ ငြိမ်းချမ်းရေး လုပ်ငန်း စဉ်လုပ်ငန်းအဖွဲ့ (PPWT) မှ ပဒိုစောတာတိုမူး ၊ ဗိုလ်မှူးကြီး စိုင်းငင်း (RCSS) ၊ ဆလိုင်းထလာဟေး (CNF) ၊ နန်းမြရာဇာလင်း (ALP) တို့ တက်ရောက်ခဲ့သည်။ (TaiFreedom) (7Day)

နော်ဝေးနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများအား လေ့လာနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ နော်ဝေးသံရုံး၏ ဖိတ်ကြားချက်အရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) အဖွဲ့ နော်ဝေနိုင်ငံသို့ ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများ သွားရောက်လေ့လာမည်ဖြစ်ကြောင်း TaiFreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ ဖေဖော်ဝါရီလ (၁၉) ရက်နေ့မှ (၂၁) ရက်နေ့အထိ ၃ ရက်တာ သွားရောက်လေ့လာမည်ဖြစ်ပြီး သွားရောက်လေ့လာမည့် JMC အဖွဲ့ဝင်များမှာ JMC ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အပါအဝင် အစိုးရကိုယ်စားလှယ် (၆) ဦး၊ EAO ဘက်မှ ကိုယ်စားလှယ် (၆) ဦး နှင့် အရပ်သားကိုယ်စားလှယ် (၅) ဦး စုစုပေါင်း ၁၇ ဦး သွားရောက်မည်ဖြစ်သည်။ (TaiFreedom)

ဖေဖော်ဝါရီ ၁၃ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Sun Guoxiang တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ နိုင်ငံခြားရေးဂန်ကြီးဌာန၊ အာရှ ရေးရာအထူးကိုယ်စားလှယ် Mr. Sun Guoxiang နှင့်အတူမြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Military)

ဖေဖော်ဝါရီလ ၁၃ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-II) ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းတို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊

အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဆက်လက် အကူအညီ ပေးသွားမည့် ကိစ္စရပ်များ နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

ဖေဖော်ဝါရီလ ၁၃ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-II) ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံ ဒုတိယ အမျိုးသား အကြံပေး ပုဂ္ဂိုလ် H.E.Mr.Rajinder Khanna၊ တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

ဖေဖော်ဝါရီလ ၁၃ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-II) ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (United Nations Economic and Social Commission for Asia and the Pacific-UNESCAP)အမှုဆောင်အတွင်းရေးမှူးနှင့် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူး ချုပ် Dr.Shamshad Akhtar တို့ အားတွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးကျော်တင်နှင့် တာဝန် ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ နှင့်အတူအမှုဆောင်ဒါရိုက်တာ Mr. Yuji MORI နှင့်တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဂျပန်နိုင်ငံမှပါဝင်ကူညီဆောင်ရွက်ပေးမှုအခြေအနေများ၊ ငြိမ်းချမ်းရေး ရရှိပြီးဖြစ်သည့် နယ်မြေများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိရန်အတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ (SGMAH)